# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

EMReF
Enlightened Myanmar Research Foundation

အမှတ် (၃၅)၊ ဇူလိုင် ၂၅ ရက်၊ ၂၀၁၇


## မန္တလေးတိုင်းဒေသကြီး ၂၀၁၅-၁၆ ဘဏ္ဍာနှစ် ဘဏ္ဍာငွေ အရအသုံးစာရင်း တိုင်းစာရင်းစစ်ချုပ်အစီရင်ခံစာ မန်းလွှတ်တော်တွင် ဆွေးနွေး

**ဇူလိုင် ၁၃၊ ၂၀၁၇**

ဇူလိုင် ၆ ရက်က ကျင်းပသော မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတတိယနေ့တွင် တိုင်းစာရင်းစစ်ချုပ်တင်သွင်းသည့် ၂၀၁၅-၁၆ ဘဏ္ဍာနှစ် ဘဏ္ဍာငွေအရအသုံး စာရင်းအစီရင်ခံစာအပေါ် တိုင်းလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျပ် သန်း ၁,၂၀၀ ရင်းနှီးထည့်ဝင်ထားပြီး အရှုံးပေါ်နေသည်ဆိုသော တော်ဝင်စက်မှုလက်မှုကုမ္ပဏီကိစ္စတွင် မည်သို့မျှစစ်ဆေးခြင်းမရှိဘဲ ကုမ္ပဏီကတင်ပြသည့်အတိုင်း သဘောတူလက်ခံခဲ့ကြသည်မှာ စည်ပင်ကော်မတီဝင်များ၏ တာဝန်မဲ့လွန်းသည့်လုပ်ရပ်များ ဖြစ်သည်ဟု လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင် (ချမ်းမြသာစည်-၁)က ဆွေးနွေးခဲ့သည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကော်မတီဝင်များသည် တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့၍ ကိုယ်လုပ်ခဲ့သည့် အလုပ်အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်ပါ စည်ပင်သာယာဥပဒေတွင် ထည့်သွင်းပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်သည်ဟု ဦးတင်အောင်က ဆိုသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များကို တိုင်းအစိုးရအဖွဲ့ထံ လာရောက်ရှင်းလင်းရန် ဖိတ်ခေါ်ထားသည်ဟု မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က လွှတ်တော်တွင် ပြောကြားသည်။

အလားတူစာရင်းစစ်ချုပ်အစီရင်ခံစာပါ တိုင်းဒေသကြီးအတွင်းမှ ရရန်ကြွေးကျန်များနှင့်ပတ်သက်၍ တောင်သူများအနေဖြင့် စိုက်ပျိုးရေကိုရနိုင်သည့်နေရာမှ ကြိုးစားယူနေရသောကြောင့် ရေခွန်ကြွေးကျန်များကို သေချာစိစစ်သင့်ပြီး ယင်းငွေကြေးများဖြင့် တောင်သူရေရရှိရေးလုပ်ငန်းများတွင် ပြန်လည်ဆောင်ရွက်ရန် တိုင်းလွှတ်တော် ကိုယ်စားလှယ် ဒေါ်ငြိမ်းသက်နွယ် (နွားထိုးကြီး-၁) က ဆွေးနွေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတွင် စိုက်ပျိုးရေအသုံးပြုမှုအတွက် ရေခွန်ကြွေးကျန်များရှိနေပြီး ထိုအတွက် အဖွဲ့အစည်းတစ်ခုဖွဲ့ကာ စနစ်တကျ ပြန်လည်ကောက်ခံသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက ပြန်လည်ဖြေကြားခဲ့သည်။ သို့သော် ယင်းကြွေးကျန်များမှာ သက်ဆိုင်ရာတောင်သူများက မပေးချေသောကြောင့် ကျန်ရှိနေခြင်းမဟုတ်ဘဲ ရေခွန်ကောက်ခံသည့် ထွေ/အုပ်ရုံးများက ယခင်အစိုးရအဆက်ဆက် ပြန်လည်မပေးသွင်းသောကြောင့် စုစုပေါင်းကျပ်ငွေရှစ်ဘီလျံ ကျန်ရှိနေခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

**(ကိုးကား-မြန်မာတိုင်းမ်/7daydaily)**

## မွန်ပြည်နယ် လွှတ်တော်သို့ တစ်နှစ်ကျော်အတွင်း တိုင်ကြားစာ ၉၀၀ ကျော် ရောက်ရှိ

**ဇူလိုင် ၁၀၊ ၂၀၁၇**

မွန်ပြည်နယ် လွှတ်တော်တိုင်ကြားစာနှင့် အသနားခံစာများ လေ့လာသုံးသပ်စိစစ်ရေးကော်မတီတွင် ၂၀၁၆ မတ်လ မှ ၂၀၁၇ ဇွန်လကုန်အထိ တစ်နှစ်ကျော်အတွင်း ပြည်သူလူထုမှ စာဖြင့်ရေးသားပေးပို့သည့် တိုင်ကြားစာ ၉၀၀ ကျော်ရှိနေသည်။ မြေယာပြဿနာများ၊ အုပ်ချုပ်ရေးမှုများကို အရေးယူပေးရန် တိုင်ကြားခြင်းအများဆုံးဖြစ်ကြောင်း ယင်းကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်သူက ဆိုသည်။

တိုင်ကြားစာကော်မတီအနေဖြင့် ၅၀ ရာခိုင်နှုန်းကျော်ကို ဖြေရှင်းပြီး ၂၀ ရာခိုင်နှုန်းသည် စီမံကိန်းနှင့်ဆိုင်သော ကိစ္စရပ်များဖြစ်၍ ဆောင်ရွက်ဆဲဖြစ်ကာ ကျန် ၃၀ ရာခိုင်နှုန်းသည် သက်ဆိုင်ရာဌာနမှ ပြန်စာများကို စောင့်ဆိုင်းနေကြောင်း ယင်းကော်မတီက မွန်ပြည်နယ်လွှတ်တော်သို့တင်ပြသည့် အစီရင်ခံစာ၌ ရေးသားထားသည်။

တိုင်ကြားစာများအား မေလကုန်အထိ အစိုးရဌာနသို့ အကြောင်းကြားသောစာ၊ လွှဲပြောင်းစာ ၁၃၇ စောင်၊ အစိုးရဌာနက ပြန်ကြားစာ ၆၁ စောင်၊ ကိုယ်စားလှယ်သို့ လွှဲပြောင်းစာ ၃၂ စောင်၊ ဌာနဆိုင်ရာများသို့ အကြောင်းကြားစာ၊ လွှဲပြောင်းစာ ၅၃ စောင်၊ ဌာနဆိုင်ရာများက ပြန်လည်တင်ပြစာ ၂၂ စောင်၊ အဂတိတိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့စာနှစ်စောင်နှင့် ကွင်းဆင်းဆောင်ရွက်မှု ၂၅ မှုရှိကြောင်း ကော်မတီက ထုတ်ပြန်ထားသည်။

**(ကိုးကား-7daydaily)**

# ရန်ကုန်မြို့သစ်စီမံကိန်းအား လွှတ်တော်အမတ်များ ဆွေးနွေးရန် တိုင်းဒေသကြီးအစိုးရကပေးသော အချိန်မလုံလောက်ဟု ပြောကြား

ဇူလိုင် ၁၁၊ ၂၀၁၇

ဇူလိုင် ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေးတွင် လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ရန်ကုန်မြို့သစ်စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းစဉ်ငါးရပ်ကို လွှတ်တော်၌ရှင်းပြခဲ့သည်။

ယင်းစီမံကိန်းအပေါ် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့်အချက်များကို ဇူလိုင် ၁၁ ရက်တွင် တိုင်းအစိုးရထံ ပေးပို့ရမည်ဖြစ်၍ တစ်ရက်တည်းနှင့် အချိန်မလုံလောက်ကြောင်း တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း(ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်)က ပြောကြားသည်။ ယင်းစီမံကိန်း၌ တိုင်းဒေသကြီးအစိုးရက ရင်းနှီးမြှုပ်နှံရာတွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ပါဝင်မည့်အပေါ်လက်မခံနိုင်ကြောင်းလည်း ၎င်းက ကန့်ကွက်ထားသည်။



ထိုစီမံကိန်းကို ပြီးခဲ့သည့်အစိုးရအဖွဲ့ ဆောင်ရွက်ထားမှုပုံစံအတိုင်း လုပ်ဆောင်မည်မဟုတ်ဘဲ ပုံစံအသစ်ဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း ဒေါ်နီလာကျော်က ရှင်းပြခဲ့သည်။

ပြန်လည်ပြင်ဆင်ရေးဆွဲမည့် ရန်ကုန်မြို့သစ်စီမံကိန်းအကြောင်း လွှတ်တော်၌ ဆွေးနွေးခွင့်ပေးရန် ဒေါ်စန္ဒာမင်းကတင်ပြရာ လွှတ်တော်ကသဘောတူခဲ့သည့်အတွက် လာမည့် ပဉ္စမပုံမှန်လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ထားကြသည်။ **(ကိုးကား- 7daydaily/မြန်မာတိုင်းမ်)**

# သတင်းတို



**ရခိုင်ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသော ဦးမြသန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-မောင်ကံ)**

● လစ်လပ်နေသော ရခိုင်ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌနေရာကို ဇူလိုင် ၁၄ ရက်တွင် ကျင်းပသည့် ရခိုင်ပြည်နယ်လွှတ်တော်အစည်းအဝေး၌ မဲပေးရွေးချယ်ခဲ့ရာ ရခိုင်အမျိုးသားပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြသန်း(မြေပုံ-၂)က အနိုင်ရရှိခဲ့သည်။ ဦးမြသန်းသည် အစိုးရဥပဒေဌာနတွင် နှစ်ပေါင်းသုံးဆယ်ကျော်တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူးရာထူးဖြင့် အငြိမ်းစားယူခဲ့သည်။

**(ကိုးကား-7daydaily)**

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ

**သတင်းစာစဉ်**

စုစည်းတင်ပြသူ

ပညာအလင်းပွင့်မြန်မာ သုတေသနဖောင်ဒေးရှင်း

ဆက်သွယ်ရန်

၀၉-၂၆၁၆၅၄၀၄၅

www.emref.org

www.mypilar.org

www.facebook.com/emrmyanmar

# ကြိုမတင်ထားသည့်မေးခွန်း မေးမြန်းခြင်းမပြုရန် မကွေးတိုင်းလွှတ်တော်ဥက္ကဋ္ဌ သတိပေး

ဇူလိုင် ၁၊ ၂၀၁၇

ကြိုတင်မေးမြန်းခွင့်တင်ထားသည့်မေးခွန်းတွင်မပါဝင်သော အခြားမေးခွန်းများ ပိုမိုမေးမြန်းခြင်းမပြုရန် လွှတ်တော်ကိုယ်စားလှယ်များအား မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာက ဇွန်လ ၂၉ ရက် လွှတ်တော်အစည်းအဝေးတွင် သတိပေးပြောကြားခဲ့သည်။

မြစ်ချောင်းများအတွင်း သဲသောင်ပေါ်ထွန်းမှုများကို မည်သို့ဖြေရှင်းနေကြောင်းနှင့် သဲသောင်များ ပေါ်ထွန်းလာမှုမရှိစေရေး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း မေးမြန်းရာတွင် "နောက်နောင်ကို ပေးထားတဲ့ မေးခွန်းထဲကပဲ မေးပေးပါ။ မေးခွန်းထဲမပါတာတွေ မမေးပါနဲ့။ ဝန်ကြီးတွေက ဘယ်လိုဖြေမလဲ"ဟု ချောက်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် မေးခွန်းမေးမြန်းအပြီးတွင် ထိုသို့သတိပေးခဲ့ခြင်းဖြစ်သည်။

ကြိုတင်တင်ပြထားသည့် မေးခွန်းသည် ဖတ်ရှု၍ အဆင်မပြေသလိုဖြစ်နေသဖြင့် စကားလုံးများချောမွေ့စေရန် အနည်းငယ်ပြင်ဆင်မေးမြန်းခြင်းကြောင့် သတိပေးခံရခြင်းဖြစ်ကြောင်း မေးခွန်းမေးမြန်းခဲ့သည့် တိုင်းလွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

**(ကိုးကား-7daydaily)**

# တိုင်းလွှတ်တော်တည်ဆောက်ရေးတွင် အရည်အသွေးညံ့အုတ်များသုံးစွဲခဲ့ကြောင်း တွေ့ရှိ

ဇူလိုင် ၁၃၊ ၂၀၁၇

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်တည်ဆောက်ရေးတွင် ၂၀၁၆-၁၇ ဘတ်ဂျက်နှစ်အတွက်ပြုလုပ်သည့် လုပ်ငန်းသုံးခုအနက် ခြံစည်းရိုးကာရံသည့်လုပ်ငန်းတွင် အုတ်အရည်အသွေးညံ့များ စစ်ဆေးတွေ့ရှိရကြောင်း တိုင်းလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်က မဇ္ဈိမသို့ ပြောသည်။

ဆောက်လုပ်မှု ၂၅ ရာခိုင်နှုန်းပြီးစီးချိန်တွင် လွှတ်တော်အရည်အသွေးစိစစ်ရေးကော်မတီအဖွဲ့က ကွင်းဆင်းစစ်ဆေးရာ၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ "အရည်အသွေးညံ့တဲ့အုတ်တွေနဲ့ကာရံထားတဲ့ ဆည်တစ်ကန်ကိုပြန်ဖြိုပြီး တည်ဆောက်ပြီးသားတွေ ဈေးနှုန်းလျှော့ချခဲ့တယ် ။ အုတ်အညံ့သုံးလို့ ဈေးအနိမ့်ဆုံးပေးပြီး အုတ်ကောင်းပြန်သုံးတဲ့အရေအတွက်ကို အကောင်းဈေးနှုန်းအတိုင်းပေးတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ကုမ္ပဏီမှ ခြံစည်းရိုးကာရံထားသည့်အနက် ပေပေါင်း ၁၉၀ ခန့် ဖြိုဖျက်ပြီး အသစ်ပြန်လုပ်ပေးရန် သဘောတူထားကာ လွှတ်တော်ရေးရာကော်မတီနှစ်ရပ်နှင့် ဦးစီးကော်မတီက အတည်ပြုပြီးဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းအိမ်ရာ သုံးလုံးနှင့် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုဆောင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဘတ်ဂျက် ၁ ဒသမ ၃ ဘီလီယံ ရရှိထားပြီး၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၈ ဘီလီယံရရှိထားပြီး၊ ကျပ်သိန်း ၄,၆၀၀ ကျော်သာ သုံးစွဲခဲ့သည်။

**(ကိုးကား-မဇ္ဈိမ)**

# တိုင်းဒေသကြီး၊ ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းဆိုင်ရာ ဥပဒေကြမ်းရေးဆွဲရန်အဆို မန်းလွှတ်တော်တွင် တင်သွင်း

ဇူလိုင် ၆၊ ၂၀၁၇

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း၌ရှိသော ပစ္စည်းများကို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းတို့ပြုလုပ်သည့်အခါ စနစ်တကျရှိ စေရန်နှင့် ပွင့်လင်းမြင်သာမှု၊တာဝန်ခံမှုရှိစေရန် ထိန်းကျောင်းနိုင်သည့်ဥပဒေကြမ်းရေးဆွဲရန် ဇူလိုင် ၄ ရက်က ကျင်းပသော ဒုတိယအကြိမ် မန္တလေးတိုင်းလွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့တွင် ဦးတင်အောင်(ချမ်းမြသာစည်-၁)က အဆိုတင်သွင်းခဲ့သည်။

ယင်းဥပဒေ ပေါ်ပေါက်လာခြင်းဖြင့် တိုင်းဒေသကြီးပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊အခြားနည်းဖြင့်လွှဲပြောင်းခြင်းကိစ္စရပ်များတွင် ပွင့်လင်းမြင်သာမှုရှိစေခြင်း၊ အလေ့အလွင့်လျော့နည်းပြီး ဥပဒေအတိုင်း စနစ်တကျဆောင်ရွက်ခြင်းကြောင့် အပြင်းပွားမှု၊ သံသယဖြစ်မှုလျော့နည်းပြီး အဂတိတရားရှောင်ရှားနိုင်မည် ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးပိုင်၊ စည်ပင်ပိုင်၊ ပြည်ထောင်စုပိုင်စသည်ဖြင့် ခွဲခြားသိရှိနိုင်မည်ဟု ဦးတင်အောင်ကပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုပိုင် ပစ္စည်းများနှင့် ပတ်သက်ပြီး ဥပဒေရေးဆွဲနိုင်သော်လည်း ရေးဆွဲနိုင်ခြင်းမရှိသေးကြောင်းနှင့် ပြည်ထောင်စုက ရေးဆွဲမည်ဆိုလျှင်လည်း ၎င်းတို့ကစီမံနိုင်သလို တိုင်း/ပြည်နယ်များအတွက်လည်း လိုအပ်ခြင်းကြောင့် ဥပဒေချင်းပဋိပက္ခဖြစ်ရန်အကြောင်းမရှိဟု ၎င်းကဆိုသည်။ ယင်းဥပဒေကြမ်းရေးဆွဲရန်အဆိုကို လွှတ်တော်က အတည်ပြုခဲ့ပြီး ထပ်မံကျင်းပသည့် လွှတ်တော်ရက်များတွင်ဆွေးနွေးခဲ့ကြသည်။

**(ကိုးကား-မြန်မာတိုင်းမ်)**

# ရန်ကုန်တိုင်းအစိုးရအဖွဲ့ ကတိခံထားသည့် စီမံကိန်းများ အကောင်အထည်ဖော်မှု တိုးတက်စေရေး လွှတ်တော်ကော်မတီ ဆောင်ရွက်နေဟုဆို

ဇူလိုင် ၁၃၊ ၂၀၁၇

ရန်ကုန်တိုင်းအစိုးရအဖွဲ့၏ လွှတ်တော်အတွင်း ကတိကဝတ်ခံယူထားသည့် ကိစ္စရပ်များကို အကောင်အထည်ဖော်ရာတွင် ယခင်နှစ်များထက် တိုးတက်မှုရှိစေရန် ကတိကဝတ်၊ အာမခံချက်များနှင့် လွှတ်တော်အခွင့်အရေးကော်မတီက ကွင်းဆင်းစစ်ဆေးခြင်း၊ ကြားဝင်ညှိနှိုင်းခြင်းဖြင့် တွန်းအားပေးဆောင်ရွက်နေကြောင်း ကော်မတီဥက္ကဋ္ဌဦးခင်မောင်ဝင်းက ပြောသည်။

ရန်ကုန်တိုင်းလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှ မေးခွန်းများတွင် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွက် ကတိကဝတ် ၁၆ ခုရှိခဲ့ရာ ၉ ခု ပြီးစီးအောင်လုပ်ဆောင်နိုင်ခဲ့ပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်ဆဲ ကတိကဝတ်ပေါင်း သုံးခုရှိသည်။ ထို့ပြင် အဆိုခြောက်ခုတင်သွင်းခဲ့ရာ လေးခုကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လွှတ်တော်က အတည်ပြုခဲ့သည်။

အတည်ပြုအဆိုများတွင် မြို့တွင်းယာဉ်ကြောကျပ်တည်းမှုများ၊ ရေကြီးရေလျှံမှုများ ဖြေရှင်းပေးရန်၊ အများပြည်သူ အပန်းဖြေအနားယူသည့်နေရာများ ပြည်သူပိုင်ဖြစ်ရေးအဆိုတို့ ပါဝင်ခဲ့သော်လည်း ရေကြီးရေလျှံမှုများ၊ ယာဉ်ကြောကျပ်တည်းမှုများ ဆက်လက်ဖြစ်ပေါ်နေ၍ ဝေဖန်မှုများရှိနေသည်။

ဘတ်ဂျက်အသုံးပြုခြင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ထိန်းကျောင်းမှုကြောင့် ဌာနဆိုင်ရာအများစုသည် ယခင်ကဲ့သို့ ဘတ်ဂျက်အလဟဿအသုံးပြုမှု အများအပြားမရှိတော့ဘဲ ပြောင်းလဲနေပြီဖြစ်ကြောင်း အဆိုပါကော်မတီဝင် ဒေါ်ကြည်ပြာက ပြောသည်။

**(ကိုးကား-7daydaily)**